ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**သတ္တုတွင်းဦးစီးဌာန**

ရုံးအမှတ်(၁၉)၊နေပြည်တော်

**ရုံးအမိန့်စာအမှတ်၊ ၁၉၈ /၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်

(၂၀၁၈ ခုနှစ် ၊ ဇူလိုင်လ ၂၆ ရက်)

၁။ သတ္တုတွင်းဦးစီးဌာနသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၃(ဂ)နှင့်အညီ လုပ်ငန်းများဆောင်ရွက်ရန် ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ/ အဖွဲ့အစည်းက ခွင့်ပြုမိန့် လျှောက်ထားလာသည့်အခါ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၃၉(ဂ)အရ ခွင့်ပြုမိန့်ထုတ်ပေးရန် သင့်၊ မသင့်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ဆောင်ရွက်နိုင်ရန်အတွက် သတ္တုတွင်းဦးစီးဌာန၊ လုပ်ကွက်စိစစ်ရေးအဖွဲ့ကို (၁၀.၄.၂၀၁၈) ရက်နေ့တွင် ရုံးအမိန့်စာအမှတ်၊ ၀၄၉/၂၀၁၈ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၂။ ၂၀၁၈ ခုနှစ် ဇူလိုင်လ (၂၄)ရက်နေ့တွင် ကျင်းပပြုလုပ်သော သတ္တုတွင်းဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၂၃/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးက သဘောတူဆုံးဖြတ်ချက်အရ သတ္တုတွင်းဦးစီးဌာန၊ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ကျောက်အလတ်စားလုပ်ငန်းနှင့် ကန့်သတ်ကျောက်အသေးစားလုပ်ငန်းတို့အတွက် လျှောက်ထားလာသည့် လျှောက်လွှာများကို မှတ်ပုံတင်ခြင်း၊ ပမာဏစိစစ်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ကနဦးဝင်စာလက်ခံစိစစ်မှတ်ပုံတင်ရေးအဖွဲ့အား အောက်ပါအတိုင်းဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ဦးအံ့စိုးရင်<br>ဒုတိယညွှန်ကြားရေးမှူး<br>ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒေါ်စိုးစန္ဒာမောင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ | အဖွဲ့ဝင် |
| (ဂ) | ဦးဝင်းနိုင်မိုး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ဓာတ်သတ္တုထိန်းသိမ်းရေးဌာနခွဲ | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ဝါဝါရွှေ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>စစ်ဆေးရေးဌာနခွဲ | အဖွဲ့ဝင် |

(င) ဒေါ်တင်တင်ဝေ အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
အုပ်ချုပ်ရေးဌာနခွဲ

၃။ ကနဦး ဝင်စာလက်ခံစိစစ်မှတ်ပုံတင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်(Terms of Reference) များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) သက်ဆိုင်ရာစာတိုက်မှ မှတ်ပုံတင် (Register) ဖြင့် ပေးပို့လာသော ဝင်စာများကိုသာ စိစစ်လက်ခံရန်၊

(ခ) မှတ်ပုံတင်စာအုပ်တွင် သတ္တုတွင်းဦးစီးဌာန၊ လုပ်ကွက်စိစစ်ရေးအဖွဲ့မှ သတ်မှတ်ပေးထားသောပုံစံအတိုင်း စနစ်တကျထည့်သွင်းရေးသား မှတ်တမ်းတင်ခြင်းနှင့်အတူ Excel Software (Digital Database System) ဖြင့် (Company name, Mineral, Region/Sate, Township, Locality, Map Sheet Number, Map coordinate, Area, Application date, Application Time, Area, Type of Application, Registry number, Code, etc…..) မှတ်တမ်းတင်ရန်၊

(ဂ) ပေးပို့လာသော Register စာများကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖွင့်ဖောက်မှတ်ပုံတင်ရန်၊

(ဃ) ဖွင့်ဖောက်သည့်နေ့ရှိ လျှောက်လွှာများတွင် လုပ်ကွက်တစ်ခုတည်းကို ကုမ္ပဏီသို့မဟုတ် အဖွဲ့အစည်းတစ်ခုထက် ပိုမိုလျှောက်ထားမှုများပါရှိက အပြိုင်လျှောက်ထားမှုဟု မှတ်တမ်းတင်ရန်၊

(င) ကနဦးဝင်စာ လက်ခံစိစစ်မှတ်ပုံတင်ရေးအဖွဲ့သည် အချက်အလက်အထောက်အထားများ ပြည့်စုံသည့် လျှောက်လွှာများကို ဦးစီးဌာန၊ လုပ်ကွက် စိစစ်ရေးအဖွဲ့သို့ တင်ပြရန်၊

(စ) သတ္တုတွင်းဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၈)၌ သဘောတူ ဆွေးနွေးဆုံးဖြတ်ချက်အရ ကနဦးဝင်စာလက်ခံစိစစ်မှတ်ပုံတင်ရေးအဖွဲ့သည် လုပ်ကွက်လျှောက်လွှာများကို (၂၆.၇.၂၀၁၈)ရက်နေ့မှစ၍ လက်ခံရန်။

၂၆/၇/၂၀၁၈

ခင်လတ်ကြီး
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၇၁၈၅/ဖေရ/အမိန့်ကြော်ငြာစာ/၂၀၁၈
ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်

**ဖြန့်ဝေခြင်း**

ဝန်ကြီးရုံး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ဦးစီးဌာန၊ ကနဦးဝင်စာလက်ခံစိစစ်မှတ်ပုံတင်ရေးအဖွဲ့ဝင်များအားလုံး

ရုံးလက်ခံ

မျှောစာတွဲ